## နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၇-၄-၂၀၂၂)

၁။ ခရီးသွားများတွင် အောက်ပါစာရွက်စာတမ်း/အထောက်အထားများ ရှိရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် အောက်ပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် တစ်မျိုးမျိုးကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့်နေ့ရက် မတိုင်မီ လွန်ခဲ့သော (၁၄) ရက်ကျော်က အကြိမ်ပြည့်ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်-

- CoronaVac (Sinovac Biotech Ltd.)၊
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))၊
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech)၊
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)၊
- Moderna (ModernaTX, Inc.)၊
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd)၊
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech။
- Myancopharm by Ministry of Industry, Myanmar

[အသက် (၆) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

(ခ) မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၇၂) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ

[အသက် (၆) နှစ်အောက် ကလေးများကို ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေနှင့် စစ်ဆေးသည့် နေ့ရက်ကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူ အင်္ဂလိပ် သာသာဖြင့် ရှင်းလင်း တိကျစွာ ဖော်ပြရမည်။]

(ဂ) နိုင်ငံခြားသားခရီးသွားများအတွက် မြန်မာ့အာမခံလုပ်ငန်းထံမှ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အာမခံဝယ်ယူထားကြောင်း အထောက်အထား။

(အသေးစိတ်ကို မြန်မာ့အာမခံလုပ်ငန်း website တွင် လေ့လာနိုင်ပါသည်)

၂။ ခရီးသွားများအနေဖြင့် စာပိုဒ် ၁ တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/အထောက်အထား အသီးသီး၏ မိတ္တူတစ်စုံစီကို မြန်မာနိုင်ငံသို့ လာရောက်မည့် လေယာဉ်ပေါ်သို့ တက်ရောက်ရန် စာရင်းသွင်းစဉ် လေကြောင်းလိုင်းဝန်ထမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာ လေဆိပ်ရှိ ကျန်းမာရေးအရာရှိများကိုလည်းကောင်း ပြသရမည်။

၃။ ခရီးသွားများအနေဖြင့် ကျန်းမာရေးကြေညာချက် (Health Declaration Form) ကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။

[ကျန်းမာရေးကြေညာချက်တွင် မည်သည့်အချက်အလက်ကိုမဆို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိပါက ဥပဒေ အရ အရေးယူဆောင်ရွက်ပါမည်။]

၄။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ကျန်းမာရေးအရာရှိများကဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်းနှင့်လိုအပ်သောကျန်းမာရေးစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅။ ခရီးသွားများအနေဖြင့် အောက်ပါကိစ္စများအတွက် ကုန်ကျစရိတ်များ မိမိအစီအစဉ်ဖြင့် ကျခံရမည်-

(က) သတ်မှတ်ထားသော သီးသန့်မော်တော်ယာဉ်ဖြင့် ဟိုတယ်သို့ သွားရောက်ခြင်း၊

(ခ) ကိုဗစ်-၁၉ ရောဂါ RT-PCR နည်းဖြင့် စစ်ဆေးထားသည့် ဓာတ်ခွဲအဖြေရရှိပြီးသည့် အချိန်အထိ သတ်မှတ်ထားသည့် ဟိုတယ်များတွင် နေထိုင်ခြင်း၊

(သတ်မှတ်ဟိုတယ်စာရင်းကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ websiteတွင် ရရှိနိုင်သည်။)

(ဂ) ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများ၌ ကိုဗစ်-၁၉ ရောဂါ RT-PCR နည်းဖြင့် စစ်ဆေးမှုခံယူခြင်း၊

၆။ ခရီးသွားများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနထံမှ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဓာတ်ခွဲအဖြေကို လက်ခံရရှိပြီးပါက သတ်မှတ်ဟိုတယ်မှ ထွက်ခွာနိုင်သည်။

(သာမန်အားဖြင့် ဓာတ်ခွဲအဖြေကို (၂၄) နာရီအတွင်း သက်ဆိုင်ရာကျန်းမာရေးဌာနက သတ်မှတ်ဟိုတယ်မှတစ်ဆင့် ပေးပို့မည် ဖြစ်သည်။)

၇။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်။

(သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ ဆက်သွယ်ရန်လိပ်စာများကို သတ်မှတ်ဟိုတယ်များတွင်လည်းကောင်း ရရှိနိုင်သည်။)

၈။ ခရီးသွားများတွင် ကိုယ်အပူချိန်မြင့်တက်ခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ တွေ့ရှိခြင်း၊ သို့မဟုတ် RT-PCR အဖြေ နည်းဖြင့် စစ်ဆေးစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါရှိကြောင်းတွေ့ရှိလျှင် ၎င်းတို့ကို ကျန်းမာရေးအစီအမံများနှင့်အညီ ချက်ချင်းသီးခြားထားရှိမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာ (သို့မဟုတ်) ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင်ကုသမည်။

၉။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်းမပြုမီ ၎င်းတို့ သွားရောက်မည့် (သို့မဟုတ်) ခရီးတစ်ထောက်ရပ်နားမည့် နိုင်ငံများ၏ လိုအပ်ချက်နှင့်အညီ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများကို ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများတွင် မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၀။ အပိုဒ် ၁ (က) နှင့် (ခ) တို့တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/အထောက်အထားများကို မတင်ပြနိုင်သည့် ခရီးသွားများအနေဖြင့် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် ဖြင့်သာ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာ ဝင်/ထွက် ဂိတ်များနှင့် နယ်စပ်ဝင်ထွက်ဂိတ်များမှ ဝင်ရောက်လာမည့်ခရီးသွားများအတွက် အသွားအလာကန့်သတ်ခြင်း ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များတွင် နိုင်ငံခြားသားများအား (၁၇-၄-၂၀၂၂) ရက်နေ့မှ စ၍ လိုက်ပါခွင့် ပြုမည် မဟုတ်ပါ)

၁၁။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှသာ ဝင်ရောက်ရမည်။

၁၂။ သတ်မှတ်ဟိုတယ်များနှင့် ခရီးသည်များအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်ဖြစ်ပြီးနှင့် လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်။

၁၃။ နိုင်ငံဝန်ထမ်းများအနေဖြင့် ယာယီတည်းခိုခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းများအား သီးခြားအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁၄။ နိုင်ငံတကာခရီးသွားများအား မြန်မာနိုင်ငံတွင် ခရီးတစ်ထောက်ရပ်နားခြင်းကို ခွင့်မပြုပါ။

၁၅။ မြန်မာနိုင်ငံသို့ နိုင်ငံတော်အဆင့်လေယာဉ်ခရီးစဉ် (state flight) များ (သို့မဟုတ်) သီးသန့်လေယာဉ်ခရီးစဉ်များဖြင့် လာရောက်သော နိုင်ငံတော်အဆင့် ဧည့်သည်တော်များ (သို့မဟုတ်) နိုင်ငံခြားကိုယ်စားလှယ်တော်များအနေဖြင့် ဆိုက်ရောက်မည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ရက် အနည်းဆုံး (၅) ရက် ကြိုတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ထံသို့ တင်ပြ၍ အထက်ပါသတ်မှတ်ချက်များမှ ကင်းလွတ်ခွင့် တောင်းခံနိုင်သည်။

၁၆။ မြန်မာနိုင်ငံတွင် ခရီးတစ်ထောက်ရပ်နားရန် လိုအပ်သည့် နိုင်ငံခြားလေယာဉ်အမှုထမ်းများအနေဖြင့် ၎င်းတို့၏ နောက်တစ်ကြိမ်လေယာဉ်ခရီးစဉ် မတိုင်မီအထိ သတ်မှတ်ထားသည့် ဟိုတယ်များတွင် သက်ဆိုင်ရာကျန်းမာရေးအစီအမံများနှင့်အညီ သီးခြားနေထိုင်ရမည်။

၁၇။ ခရီးသွားများအနေဖြင့် မိမိတို့၏ ဗီဇာ လိုအပ်ချက်/ကင်းလွတ်ခွင့်များနှင့် အခြားဗီဇာဆိုင်ရာကိစ္စရပ်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန website တွင် ကြည့်ရှုနိုင် သည်။

၁၈။ ဤသတ်မှတ်ချက်များသည် အချိန်နှင့်တပြေးညီ ပြောင်းလဲမှုရှိနိုင်ပါသည်။

၁၉။ ဤသတ်မှတ်ချက်များသည် ၁၇-၄-၂၀၂၂ ရက်နေ့ မြန်မာစံတော်ချိန် ၀၀:၀၀ နာရီမှစတင် သက်ဝင်ပါမည်။

# PUBLIC HEALTH REQUIREMENTS FOR TRAVELERS WHO WISH TO ENTER INTO MYANMAR THROUGH AIR TRANSPORT (7-4-2022)

1. Travelers shall have the following documents:

   (a) a COVID 19 vaccination certificate showing that they were fully vaccinated, at least 14 days before arrival to Myanmar, with one of the following vaccines which has been approved by the Ministry of Health (MOH)-

   - CoronaVac (Sinovac Biotech Ltd.);
   - AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea)/Siam BioScience/ Serum Institute of India (SII));
   - Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech);
   - Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson);
   - Moderna (ModernaTX, Inc.,);
   - Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd);
   - Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology);
   - Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
   - Covaxin by Bharat Biotech; and
   - Myancopharm by Ministry of Industry, Myanmar.

   *(Children under 6 years old are exempted from this requirement, if they travel with fully vaccinated parent(s) or guardian(s). The country, name and date(s) of vaccination must be clearly stated in English and/or Myanmar, with the particulars of the travelers according to their passport.)*

   (b) a negative COVID-19 RT-PCR test result issued at most 72 hours before arrival to Myanmar

   *(Children under 6 years old are exempted from this requirement. The negative COVID-19 RT-PCR test result and the date of the test taken [or] information regarding COVID-19 recovery*

*must be clearly stated in English, with the particulars of the travelers according to their passport.)*

(c) (For travelers who are foreigners) a COVID-19 medical insurance purchased from Myanma Insurance.

*(Detailed information can be obtained at the Myanma Insurance's website.)*

2. Travelers shall present a printed copy of each document mentioned in the paragraph 1 to airline staffs upon check-in before boarding the aircraft destined for Myanmar as well as to the respective airport health authorities upon arrival to Myanmar.

3. Travelers shall submit a Health Declaration Form to the respective airport health authorities upon arrival to Myanmar.

*(A legal action will be taken against a traveler, if he or she provides any incorrect information in the Health Declaration Form.)*

4. Travelers shall be subject to a thermal screening to be conducted by the respective airport health authorities, upon arrival to Myanmar.

5. Travelers shall fulfil the following requirements at their own costs;

(a) a private transportation from the airport to the designated hotel;

(b) a stay at a designated hotel until the result of COVID-19 RT-PCR test; and

*(A list of designated hotels can be obtained at the website of the Ministry of Hotel and Tourism.)*

(c) a COVID-19 RT-PCR test to be undergone by a laboratory approved by the MOH.

6. Travelers may check out from the designated hotels, after receiving their test results showing negative for COVID-19 from the respective health authorities.

*(The test results will take approximately 24 hours to be conveyed by the respective health authorities, through the designated hotel concerned.)*

7. Travelers shall report to the respective health authorities, if they have developed signs and symptoms of COVID-19 during their stay in Myanmar.

*(Contact details of the respective health authorities can be obtained from the designated hotels.)*

8. Travelers shall be immediately isolated and taken to a medical facility or treatment center or hotel designated by the MOH as per health protocols, if they are found to be symptomatic of COVID-19 or they are tested positive for COVID-19 during the RT-PCR test.

9. Before departure from Myanmar, travelers may take COVID-19 tests, as required by the countries they will travel to and transit through, at laboratories designated by the MOH, at their own cost.

10. Travelers who can't present the documents mentioned in the paragraph 1 (a) and (b) may enter Myanmar only by relief flights, and shall fulfill the Quarantine and Testing Requirements of International Travelers to Myanmar issued and updated by the MOH.

*(Travelers who are foreigners shall not be allowed to take relief flights to Myanmar from 17 April 2022 onward.)*

11. Travelers shall enter Myanmar only through Yangon International Airport.

12. The designated hotels and travelers shall strictly follow the instructions made by the respective health authorities. A legal action will be taken against the hotel or traveler concerned, if there is a breach of COVID-19 control regulations.

13. Government officials may follow the arrangements provided as to their temporary stay and COVID-19 test.

14. Foreigners are not allowed to transit through Myanmar.

15. State guests or foreign delegates visiting Myanmar by state flights or special flights may seek exemptions from the above requirements by submitting a request letter to the Central Committee for Prevention, Control and Treatment of COVID-19, the Ministry of Foreign Affairs and the MOH, at least (5) working days prior to the date of arrival.

16. Foreign air crew who need a layover in Myanmar are subjected to self-isolation at hotels designated by the MOH until their next flight, as per respective health protocols.

17. Travelers shall access the website of Ministry of Immigration and Population for their visa requirements or exemptions and other visa-related matters.

18. These requirements are subject to changes.

19. These requirements shall take effect from 17 April 2022 0000 hours Myanmar Standard Time.